# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# နေပြည်တော်

ချိန်ရိန်တောင်ကုမ္ပဏီလီမိတက်မှ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဆော့လော်မြို့နယ်၊
မန်းဗျော့ကျေးရွာအုပ်စုရှိ လုပ်ကွက်အမှတ်(၁၂) တွင် မာဘယ်လ်(အလှဆင်)ကျောက်
အကြီးစားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် တင်ပြလာသော
ပတ်ဝန်းကျင်စီမံခန့်ခွဲအစီအစဉ်(EMP)၏

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate–ECC)

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
# (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၄၆၄ ) ရက် စွဲ။ ၂၀၂၃ခုနှစ်၊အောက်တိုဘာလ ၁၁ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC)ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | ဒေါ်ခေါင်ညွှယ်<br>မန်နေးဂျင်းဒါရိုက်တာ |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - | ချိန်ရိန်တောင်ကုမ္ပဏီလီမိတက်<br>၉/အေ၊ အခန်း(၉)၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၀၁-၂၅၂၉၉၃၊ ၀၉-၅၀၃၂၆၃၄ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | မာဘယ်လ် (အလှဆင်) ကျောက် အကြီးစားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရအဖွဲ့အစည်းကခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | (၉၉)ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - | မန်းဖျော့ကျေးရွာအုပ်စု၊ ဆော့လော်မြို့နယ်၊ မြစ်ကြီးနားခရိုင်၊ ကချင်ပြည်နယ်၊ လုပ်ကွက်အမှတ်(၁၂) |
| (ဆ) | **ECC သက်တမ်း** | - | (၅)နှစ်<br>စတင်ထုတ်ပေးရက် - ၁၆-၁၁-၂၀၂၂<br>သက်တမ်းကုန်ဆုံးရက် - ၁၅-၁၁-၂၀၂၇ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - | အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၏ ၄-၁၀-၂၀၂၂ရက်စွဲပါ စာအမှတ်၊၁၀၈၅၉/၈၉၉/ထလရ-၁(၁၇)/ခတရ/ ၂၀၂၂ |

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ (က)

**ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဆော့လော်မြို့နယ်၊ မန်းဗျော့ကျေးရွာအုပ်စုရှိ ချိန်ရိန်တောင် သတ္တုတွင်းကုမ္ပဏီလီမိတက်မှ လုပ်ကွက်(၁၊ ၂) တွင် မာဘယ်လ်ကျောက်အကြီးစားတူးဖော် ထုတ်လုပ်မှုလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ ချိန်ရိန်တောင်သတ္တုတွင်းကုမ္ပဏီလီမိတက်က ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဆော့လော်မြို့နယ်၊ မန်းဗျော့ကျေးရွာအုပ်စုရှိ မြေရေိယာ (၉၉) ကေကျယ်ဝန်းသော လုပ်ကွက်အမှတ် (၁၊ ၂) တွင် မာဘယ်လ်(အလှဆင်) ကျောက်တူးဖော်ခြင်းလုပ်ငန်း စီမံကိန်းအတွက် အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ တစ်ဆင့် ၄-၁၀-၂၀၂၂ ရက်စွဲပါစာအမှတ်၊ ၁၀၈၅၉/ ၈၉၉/ ထလရ-၁(၁၇)/ခရတ/ ၂၀၂၂ ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan - EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဒေါ်ခေါင်ညွယ်၊ မန်နေဂျင်းဒါရိုက်တာ၊ ၉/အေ၊ အခန်း(၉)နဝဒေးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၂၅၂၅၉၃၊ ၀၉-၅၀၃၂၆၃၄၊ ချိန်ရိန်တောင်သတ္တုတွင်း ကုမ္ပဏီလီမိတက် ဖြစ်ပါသည်။


၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် မြေရေိယာ (၉၉) ကေ ကျယ်ဝန်း၍ တစ်ရက်လျှင်(၆၀၀၀) တန်ခန့် တူးဖော်ထုတ်လုပ်မည်ဖြစ်ပြီး ဟင်းလင်းဖွင့်နည်းစနစ် (Open Cut Mining Method) အသုံးပြု၍ မာဘယ်လ်ကျောက်ပေါ်ထွက်ပိုင်းတွင် Water Jet Drilling စက်ဖြင့် လွန်တွင်းများတူးဖောက်ပြီး ယင်းလွန်တွင်းများအတွင်း စိန်သွားတပ်ထားသည့် စတီးကြိုးကို အသုံးပြုကာ ကျောက်ဖြတ်စက်ဖြင့် မာဘယ်လ်ကျောက်ပေါ်ထွက်ပိုင်းများ ကို ဖြတ်တောက်၍ Block တုံးများ ထုတ်လုပ်မည် ဖြစ်ပါသည်။ ဝန်ထမ်းအင်အား (၃၁)ဦးဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး တစ်ရက်လျှင် အလုပ်လုပ်ချိန် (၈) နာရီဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** တစ်နှစ်လျှင် ဒီဇယ်ဆီ (၇၀၀၀၀) ဂါလန်၊ ချောဆီ (၁၁၀၀) ဂါလန်ကို လည်းကောင်း၊ တစ်နှစ်လျှင် အထွေထွေလုပ်ငန်းသုံး ရေပမာဏ (၅၄၀၀၀၀) ဂါလန်ခန့်ကိုလည်းကောင်း အသုံးပြုမည်ဖြစ်သည်။

၅။ **စီမံကိန်းတည်နေရာ။** ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဆော့လော်မြို့နယ်၊ မန်းဗျော့ကျေးရွာအုပ်စုရှိ မြေရေိယာ (၉၉) ကေ ကျယ်ဝန်းသော လုပ်ကွက်အမှတ် (၁)မြေပုံအညွှန်း 92 /J -8 , A1-036334၊ B1-037335၊ C1-043325၊ D1-039324၊ လုပ်ကွက်(၂) A2-039324၊ B2-043325၊ C2-046316၊ D2-043315 တို့တည်ရှိပါသည်။


ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်၊ လန်ယန်းဒေသနှင့် ဆော့လော်မြို့နယ်၊ မန်ဖျော့ဒေသတို့တွင်ချိန်ရိန်တောင်သတ္တုတွင်းကုမ္ပဏီလီမိတက်မှ Marble (အလှဆင်ကျောက်) အကြီးစားထုတ်လုပ်ခွင့်ပြုသည့် လုပ်ကွက်၏ တည်နေရာပြမြေပုံ

၁း ၅၀၀၀၀ စကေးမြန်မာယူတီအမ် ၂၀၀၀ မြေပုံအမှတ် ၂၆၉၈-၀၈ ၏တစ်စိတ်တစ်ပိုင်း




ရည်ညွှန်းချက်

CRT Chibwe-Sawlaw 2Block, 2698-08, Grid LatterMJ
A1: 427234.776E, 2880050.253N (Lat/Lon: 26° 02' 22.6856" N, 98° 16' 21.2953" E)
B1: 427332.377E, 2880135.258N (Lat/Lon: 26° 02' 25.4666" N, 98° 16' 24.7906" E)
C1: 427817.218E, 2879184.441N (Lat/Lon: 26° 01' 54.6452" N, 98° 16' 42.4274" E)
D1: 427445.709E, 2879118.328N (Lat/Lon: 26° 01' 52.4291" N, 98° 16' 29.0723" E)
Area = 0.200319372 square kilometer
A2: 427817.218E, 2879184.441N (Lat/Lon: 26° 01' 54.6452" N, 98° 16' 42.4274" E)
B2: 427943.147E, 2878350.119N (Lat/Lon: 26° 01' 27.5459" N, 98° 16' 47.1244" E)
C2: 427754.243E, 2878271.411N (Lat/Lon: 26° 01' 24.9534" N, 98° 16' 40.3430" E)
D2: 427754.243E, 2878271.411N (Lat/Lon: 26° 01' 24.9534" N, 98° 16' 40.3430" E)
Area = 0.200319372 square kilometer



နောက်ဆက်တွဲ (ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များ နှင့် အထွေထွေစည်းကမ်းများ

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူက အမှတ်(၁)သတ္တုတွင်းမှတစ်ဆင့် ၄-၁၀-၂၀၂၂ ရက်စွဲပါစာအမှတ်၊ ၁၀၈၅၉/ ၈၉၉/ ထလရ-၁(၁၇) /ခရတ/ ၂၀၂၂ ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းသည် မြေဧရိယာ (၄၉.၅) ဧကကျယ်ဝန်း၍ တစ်ရက်လျှင် (၂၀) တန်ခန့် တူးဖော်ထုတ်လုပ်မည်ဖြစ်ပြီး ဟင်လင်းဖွင့်နည်းစဉ် (Open Cut Mining Method) အသုံးပြု၍ Blockline တလျှောက် Block များ ပေ (၃၀၀) စီခြား၍ လုပ်ကွက်တစ်ခုချင်းစီတွင် သတ္တုသယ်ထုတ်ရန်နှင့် မြေဖယ်ရှားမှုဆောင်ရွက်မည် ဖြစ်ကြောင်း၊ ကွန်တိုနိမ့်မြင့်ကွာခြားမှုများလွန်းသည့်ဖြစ်၍ Strike Line တစ်လျှောက် Block များခွဲ၍ Mine Design ပြုလုပ် မည်ဖြစ်ကြောင်း၊ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ် များကို Gravity Concentration Method ဇကာချခြင်းဖြင့်သန့်စင်၍ မြေဆွဲငင်အားဖြင့် Conveyor များပေါ်သို့ မြေစာများ ဖြတ်သန်းသွားစေပြီး အလေးစီးစနစ်အရ အနည်ထိုင်သွားသောသတ္တုများကို စုယူခြင်းနည်းစနစ်ဖြင့် တူးဖော်မည်ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) သယ်ယူရာတွင်အသုံးပြုသော မြေသားလမ်းများ၊ စုပုံကွင်းများကို ရေဖြန်းခြင်း၊ ယာဉ်/ကားများကို အချိန်မှန်ရေဆေးခြင်းများ ပြုလုပ်ဆောင်ရွက်ရန်၊

(၂) သယ်ပို့ရာတွင် အမိုးအကာ/ကွန်တိန်နာများဖြင့် ဖုံးအုပ်၍ သယ်ယူခြင်း၊ မာဘယ်လ်အလှဆင်ကျောက်များ စုပုံထားသည့်နေရာများတွင် အကာအရံများထားရှိဆောင်ရွက်ရန်၊

(၃) မာဘယ်လ် (အလှဆင်)ကျောက်များကို (Crushing and Sizing) လုပ်ငန်းများ ဆောင်ရွက်ရာတွင် လူနေရပ်များနှင့်ဝေးသော ရေသွားလမ်းများနှင့်ဝေးသော သတ်မှတ်နေရာ/ မိုင်းဆိုဒ်များတွင်သာ ဆောင်ရွက်ရန်၊

(၄) လုပ်ကွက်အတွင်း သတ္တုရိုင်းသယ်ယူသည့် လမ်းကြောင်းနှင့် စုပုံကွင်းတွင် အမှုန် အမွှားထွက်ရှိမှုအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ကွက်နှင့်ရေသွားလမ်း ချောင်း/မြောင်းတို့အကြား ရေလွှဲမြောင်း-ရေနုတ်မြောင်းစနစ် (Drainage System) များ ထားရှိဆောင်ရွက်ရန်၊

(၂) လုပ်ငန်းမှ စွန့်ပစ်ပစ္စည်းများကို ရေသွားလမ်းကြောင်းများသို့ တိုက်ရိုက်စွန့်ပစ်မှု အား ရှောင်ကြဉ်ခြင်းနှင့် တိုက်စားမှု/ အနည်ကျမှုများ မဖြစ်စေရန် လုပ်ငန်းအသုံးပြု ဆက်သွယ်ရေးလမ်းကြောင်းများမှအစ ချောင်းနှင့်ရေသွားလမ်းတို့အား ရှောင်ကြဉ်ရန်၊

(၃) တူးဖော်ထုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်သည့်အခါတွင် ရေအရည်အသွေးအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်နှင့် အညီ လျှော့ချဆောင်ရွက်ရန်။

(င) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းပြီးဆုံးချိန်တွင် ပြန်လည်ဖြည့်တင်းရန်အတွက် စွန့်ပစ်မြေစာများအား သတ်မှတ်နေရာများတွင် စုပုံထားရှိခြင်း၊ ချိုင့်များ၊ ကျင်းများတွင် ပြန်လည်မြေဖို့ခြင်း တို့ ပြုလုပ်ဆောင်ရွက်ရန်၊

(၂) မြေအရည်သွေးထိခိုက်မှု မရှိစေရေးအတွက် စက်ဆီချောဆီများ မြေပေါ်သို့ ဖိတ်စင် မှုမရှိစေရန် စနစ်တကျသိုလှောင်ထားရှိရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေတူးယူခြင်းနှင့် မြေသယ်ခြင်းလုပ်ငန်းတို့မှ ဆူညံမှုတုန်ခါမှု သက်ရောက်မှုဖြစ်စေသောကြောင့် စက်ယန္တရားကြီးများ အသုံးပြုမှုတို့ကို အနည်းဆုံး အသုံးပြုရန် ကြိုးကြပ်ဆောင်ရွက်ရန်၊

(၂) လုပ်ငန်းဆောင်ရွက်ရန် အချိန်များ ကန့်သတ်ဆောင်ရွက်ရန်၊

ပြည်ထောင်စု ဝန်ကြီးရုံး

(၃) ဝန်ထမ်းများအား စွမ်းရည်မြင့်အကာအကွယ်ပစ္စည်းများ စီမံတပ်ဆင်စေခြင်း နှင့် အသိပညာပေးခြင်း၊ လေ့ကျင့်သင်ကြားခြင်းများ ပုံမှန်ဆောင်ရွက်ပေးခြင်း တို့ဖြင့် လျှော့ချဆောင်ရွက်ရန်၊

(၄) ဆူညံသံနှင့် တုန်ခါမှုများအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်နှင့်အညီ လျှော့ချဆောင်ရွက်ရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်မြေစာများအား စွန့်ပစ်မြေစာစုပုံသည့်နေရာတွင် ဆင်ခြေလျှော (၂၂°) ထက် မပိုစေရန်၊ စုပုံအမြင့် (၂၀)ပေ ထက်မကျော်လွန်စေရန် သတ်မှတ်ထားသော (၁၀၀×၁၀၀)ပေ အကျယ်ရှိ စွန့်ပစ်မြေစာပုံနေရာများတွင် လည်းကောင်း၊ မာဘယ်လ် (အလှဆင်)ကျောက်ဖြတ်တောက်ရာမှ ထွက်ရှိ လာသော မာဘယ်လ် ကျောက် အကျိုးအကြေများကိုလည်း (၁၀၀×၁၀၀)ပေ အကျယ်ရှိ သီးခြားသတ်မှတ် စုပုံစွန့်ပစ်ရန်၊

(၂) တစ်နေ့လျှင် စွန့်ပစ်အမှိုက် ၁၂.၀၉ ကီလိုဂရမ်ခန့် ထွက်ရှိပြီး စွန့်ပစ် အမှိုက်များအား အမှိုက်ကျင်းများတွင် စနစ်တကျစွန့်ပစ်စေခြင်းနှင့် မြေမြှုပ်ခြင်းများဖြင့် ပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် ဆောင်ရွက်ရန်၊

(၃) ထွက်ရှိလာသော Waste Water များအား (၁၀ပေ×၁၀ပေ×၈ပေ) ခန့်ရှိ ရေစုကန်တွင် စုဆောင်း၍ အနည်ထိုင်စေပြီး လုပ်ကွက်အတွင်းရှိ ရေဖြန်းခြင်း နှင့် စိုက်ပျိုးပင်များအား ရေလောင်းရာတွင် ပြန်လည်အသုံးပြုရန်။

(ဇ) **ဇီဝမျိုးစုံမျိုးကွဲများစီမံခန့်ခွဲမှု။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် စီမံခန့်ခွဲမှုအစီအစဉ်ပါ မြေထု၊ ရေထု၊ လေထု ညစ်ညမ်းမှုလျှော့ချရေး၊ ကာကွယ်ရေးဆိုင်ရာ အစီအမံများကို အပြည့်အဝ အကောင် အထည်ဖော် ဆောင်ရွက်ရန်၊

(၂) သစ်ပင်များခုတ်ထွင်ခြင်းမပြုစေရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆိုင်ရာ အစီအမံများကို စနစ်တကျ ဆောင်ရွက်ရန်။

(ဈ) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်နှင့် စပ်လျဉ်း၍ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးစီမံချက်၊ မီးဘေးအန္တရာယ်ကာကွယ်ရေး စီမံချက်များရေးဆွဲ၍ ဓာတ်တိုက်လေ့ကျင့်ခြင်း၊ အသိပညာပေးခြင်းနှင့် အတူ စီမံချက်ပါ အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်မှု စစ်ဆေးခြင်းတို့ဖြင့် သက်ရောက်မှုအန္တရာယ်များကို လျှော့ချဆောင်ရွက်သွားရမည်။

ပြည်ထောင်စု ဝန်ကြီးရုံး

(ည) **အရေးပေါ်အခြေအနေတုံ့ပြန်ရေး အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) မီးဘေးကာကွယ်ရေးလုပ်ငန်းများအတွက် စီမံချက်ရေးဆွဲခြင်း၊ မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းခြင်း၊ မီးတားလမ်းများဖောက်လုပ်ခြင်း၊ မီးချိတ်မီးကပ် နှင့် မီးသတ် ဆေးဘူး လုံလောက်စွာ ထားရှိခြင်းတို့ ဆောင်ရွက်ရန်၊

(၂) လုပ်ငန်းဆောင်ရွက်နေသောနံရံများ၊ လျှောစောက်တွင် ကွဲအက်ခြင်းများ (သို့) အားနည်းသော လက္ခဏာများကို ပုံမှန်စစ်ဆေး ဆောင်ရွက်သွားရန်၊

(၃) လုပ်သားများသည် လုပ်ကွက်အတွင်းရှိ အလုပ်ရှိရာနေရာများသို့ တစ်နေရာမှ တစ်နေရာ သွားလာရာတွင် အန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေများကို လျော့နည်းစေရန်နှင့် အလုပ်ခွင်များသို့ မသွားခင်တွင်းနံရံများ တည်ငြိမ်မှုနှင့် လျှောစောက်များကို ပုံမှန်စစ်ဆေးထိန်းသိမ်းခြင်းများပြုလုပ်ရန်၊

(၄) မြေပွများနှင့် ကျစ်လစ်မှုမရှိသောကျောက်များသည် တည်ငြိမ်မှုမရှိဘဲ စိုစွတ် သောအခါ လွယ်ကူစွာပြိုကျနိုင်သဖြင့် မြေပွများ (သို့) ကျစ်လစ်မှု မရှိသောကျောက်များ၏ လျှောစောက်ကို တည်ငြိမ်စေရန် ဒီဂရီအတိုင်း ထားရှိဆောင်ရွက်ရန်၊

(၅) အန္တရာယ်ကျရောက်နိုင်သည့် နေရာတွင် သွားရောက် အလုပ်မလုပ်ခင် လုပ်သားများ အတွက် အန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေများနှင့် မြေပြင်အခြေအနေကို ကြိုတင်စစ်ဆေး ဆောင်ရွက်ရန်၊

(၆) အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိပြီး ရေ၊ ရိက္ခာ၊ ဆေးဝါးနှင့် ရှေးဦးသူနာပြုဆေးသေတ္တာထားရှိခြင်း၊ လုံလောက်သော လေ့ကျင့်မှုများနှင့် မွမ်းမံ လေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၇) သတ္တုတွင်းအတွင်း အောက်ဆီဂျင်ပမာဏ၊ ဓာတ်ငွေ့ပမာဏနှင့် အမှုန်အမွှား ပမာဏများ၊ သတ်မှတ်စံနှုန်းအတွင်း ရှိ/မရှိကို အချိန်တိုင်းတာစစ်ဆေး၍ မှတ်တမ်း ထားရှိရန်၊

(၈) သတ္တုတွင်းနံရံများ မပြိုကျစေရန်နှင့် သတ္တုတွင်းထဲတွင် ရေလွှမ်းခြင်း၊ မီးလောင်ခြင်း များ မဖြစ်စေရန် ပုံမှန်စစ်ဆေးရန်၊

(ဇ) အလုပ်နေရာများကို ခြံစည်းရိုးများနှင့် လုံခြုံစိတ်ချရသော အတားအဆီးများဖြင့် ဆောင်ရွက်ထားပြီး အခွင့်မရှိဘဲမဝင်ရန် သတိပေးဆိုင်းဘုတ်များ ထားရှိဆောင်ရွက်ရန်။

(ဠ) **စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေးအား လုပ်ကွက်ဧရိယာနှင့် လုပ်ကွက်ဝန်းကျင်နှင့်ဆက်စပ်ဧရိယာ တို့တွင် $NO_2$, CO, NO, $PM_{2.5}$, $PM_{10}$ နှင့် $SO_2$ တို့အား (၆) လ တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) ဇီဝမျိုးစုံမျိုးကွဲအား (၆) လတစ်ကြိမ် အပေါ်ယံမြေဆီလွှာများကို ကျင်းချိုင့်များတွင် နဂိုမူလအတိုင်း ဖုံးအုပ်ပြီး သစ်ပင်များပြန်လည် စိုက်ပျိုးထားသည့် နေရာများတွင် တိုင်းတာစစ်ဆေးရန်၊

(၃) မြေပေါ်ရေ/ မြေအောက်ရေ အရည်အသွေးအား (၆)လ တစ်ကြိမ် (pH, Fe, Arsenic, Suspended Solid, Lead, Arsenic, Copper, Mercury) ပါဝင်မှုများကို တိုင်းတာစစ်ဆေးရန်၊

(၄) မြေထုအရည်အသွေးအား စွန့်ပစ်မြေစာပုံများနှင့် လုပ်ကွက်အနီးဝန်းကျင်ရှိ လယ်ယာမြေများတွင် $Al_2O_3$, MgO, $P_2O_5$, SO3, $Fe_2O_3$ တို့အား (၆) လ တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၅) လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ စောင့်ကြပ်ကြည့်ရှုခြင်းတို့အား (၆) လ တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၆) အသံဆူညံမှုတို့အား လုပ်ကွက်အနီးနှင့် အနီးဝန်းကျင်ကျေးရွာများတွင် (၆) လ တစ်ကြိမ် တိုင်းတာစစ်ဆေးရန်။

(ဍ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် မိုင်းပိတ်သိမ်းခြင်းအစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းတို့အား အတည်ပြု အစီရင်ခံစာ၌ ဖော်ပြထားသည့် အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဎ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း အစီအစဉ်ကို အတည်ပြုအစီရင်ခံစာ ကတိကဝတ်ဖော်ပြချက်နှင့်အညီ လိုက်နာဆောင်ရွက်သွားရမည်။-

(ပ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လိုလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား ကျပ်သိန်း (၁၅၀) ကို လျာထားသုံးစွဲရန်၊

(၂) စီမံကိန်းအဆိုပြုသူမှ CSR လုပ်ငန်းများအတွက် အသုံးပြုမည့် လျာထားအသုံးစရိတ် အား ကျပ်သိန်း (၃၀၀) လျာထားသုံးစွဲရန်၊

(၃) ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အသုံးပြု မည့်လျာထားအသုံးစရိတ်အား ကျပ် (၇၅) သိန်းကို လျာထားသုံးစွဲရန်၊

(၄) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်အသုံးပြုမည့် လျာထားအသုံးစရိတ် အား ကျပ်သိန်း (၆၀) ကိုရံပုံငွေအဖြစ်ထားရှိရန်၊

(၅) ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား ကျပ် (၆၅) သိန်းကို လျာထားသုံးစွဲရန်။

(ဏ) **မိုင်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တူးဖော်သည့်လုပ်ငန်းစတင်ချိန်မှစ၍ Top Soil နှင့် Tailing များအား Dumping Site များတွင် စနစ်တကျစုပုံ၍ ကျင်းများ၊ ချိုင့်များအတွင်း ဖြည့်သွင်းပြုလုပ်ရန်၊

(၂) မြေသားပြိုကျနိုင်သော နံရံများ၊ တောင်စောင်းများရှိနေပါက သစ်ပင်များ စိုက်ပျိုး၍ မြေထိန်းခြင်း ပြုလုပ်မည်ဖြစ်ပြီး လိုအပ်လာပါက Retaining Wall မြေထိန်းနံရံများ ပြုလုပ်ရန်၊

(၃) လုပ်ကွက်ဧရိယာအတွင်း ယာယီဖောက်လုပ်မည့်လမ်းများအား ပြန်လည်ပြုပြင်ပေးခြင်း၊ မြေဖို့ခြင်းများ ပြုလုပ်ရန်၊

(၄) လုပ်ငန်းပြီးဆုံးချိန်တွင်ဖြစ်ပေါ်ခဲ့သော Impact များ ဓါတ်ခွဲစစ်ဆေးသွား၍ Background Value နှင့် တိုက်ဆိုင်စစ်ဆေး၍ စောင့်ကြည့်ကာလထိ Treatment ပြုလုပ်ခြင်း၊ Neutralization များ ပြုလုပ်၍ ပြုပြင်ရန်၊

(၅) မြေဆီလွှာများအား ဓါတ်ခွဲစစ်ဆေး၍ ကျွမ်းကျင်ပညာရှင်များဖြင့် ပြန်လည်ပြုပြင် ပေးသွားမည်ဖြစ်ပြီး လိုအပ်ပါက မြေဆီလွှာ အစားထိုးခြင်းကို ပြုလုပ်ရန်၊

မြည်တောင်ရေး ဝန်ကြီးရုံး

(၆) စီမံကိန်းအနီး ရေဝယာရှိ ချောင်းများ၊ ရေတွင်း၊ ရေကန်များ၊ ရေထွက်ပေါက်များမှ ရေနမူနာများရယူ၍ ရေအရည်အသွေးအား တိုင်းတာ စစ်ဆေးရန်၊

(၇) တူးဖော်ထားသည့် ကျင်းများ၊ချိုင့်များအား မြေဖို့ခြင်း၊ မြေညှိ၍ အပေါ်ယံ မြေဆီလွှာများ ဖုံးအုပ်ပြီး ဒေသနှင့်ကိုက်ညီပြီး အရိပ်ရအကြီး မြန်သည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်၊

(၈) မာဘယ်လ်အလှဆင်ကျောက် တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကြောင့် တူးဖော် သည့် ကျင်းများ၊ ချိုင့်များအားမြေဖို့ခြင်း၊ မြေညှိ၍ အပေါ်ယံ မြေဆီလွှာများဖုံးအုပ်ပြီး ဒေသနှင့်ကိုက်ညီပြီး အရိပ်ရအကြီး မြန်သည့်သစ်ပင်များအား ကျောက်တောင်များသော နေရာဖြစ်သဖြင့် စိုက်ပျိုးရနိုင်သောနေရာများတွင် ပြန်လည်စိုက်ပျိုးရန်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်ချက်များ။**

အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှု ဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀)တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်မြေစာများ၊ ဓာတုစွန့်ပစ်ပစ္စည်း၊ လုပ်ငန်း ဆောင်ရွက်ရာတွင် အသုံးပြုသော အင်ဂျင်စက်နှင့် သယ်ပို့ယာဉ်များမှ ထွက်ရှိသည့် စက်သုံးဆီ၊ ချောဆီ၊ အင်ဂျင်ဝိုင်များအား ယိုဖိတ်မှုနည်းစေရန်နှင့် ပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရန် စနစ်တကျ အလေအလွင့်အနည်းဆုံး ဖြစ်အောင် သုံးစွဲရန်နှင့် မြေပေါ်၌စွန့်ပစ်ခြင်းမပြုရန်၊

(၂) စွန့်ပစ်အမှိုက်များအား လေဟာပြင်မီးရှို့ခြင်းများ မပြုလုပ်ဘဲ ပတ်ဝန်းကျင် မထိခိုက် စေသောနည်းလမ်းဖြင့် စနစ်တကျစွန့်ပစ်ရန်နှင့် အခြားစွန့်ပစ် ပစ္စည်းများအား အမှိုက်အမျိုးအစားများ ခွဲ၍စနစ်တကျစွန့်ပစ်ရန်၊

(၃) မိုးရာသီ မိုးရွာသွန်းစဉ် စွန့်ပစ်မြေစာပုံမှ မြေတိုက်စား၍ နုန်းအနည်အနှစ်များ အနီး ပတ်ဝန်းကျင်သို့ ရေစီးကြောင်းနှင့်အတူ မျောပါခြင်း မရှိစေရန်အတွက် လုံလောက် သော နုန်းဖမ်းကန်များအဆင့်ဆင့် ထားရှိဆောင်ရွက်ရန်၊

(၄) စုပုံထားသော အပေါ်ယံမြေဆီလွှာများကို မိုးရေနှင့်အတူ မျောပါမှု မရှိစေရန် မြေထိန်း နံရံ (Retaining Wall) တည်ဆောက်ခြင်းနှင့် မိုးကာများ ဖုံးအုပ်ခြင်းတို့ကို ပြုလုပ်ပေးရန်၊

(၅) စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ အား စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်း ဆိုင်ရာမှတ်တမ်းပုံစံ ထားရှိဆောင်ရွက်ရန်နှင့် ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှု စနစ်ကိုတိုးမြှင့် ဆောင်ရွက်ရန်၊

(၆) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု**နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်-

(ကက) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ္စည်းများ၊ မိလ္လာ အညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်း များမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ် ရန်နှင့် လေဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(ခခ) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့် ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုး များ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့မရှိစေရေး လိုက်နာဆောင်ရွက် ရန်၊

(ဃဃ) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ် ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေး နိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရန်၊

(ငင) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင် ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ် ဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်၊

(ဇဇ) အဆိုပြုစီမံကိန်းမှတစ်နှစ်လျှင် ဘေးကာကျောက်နှင့် သတ္တုရိုင်း ထွက်ရှိမည်ဖြစ်သောကြောင့် အဆိုပါစွန့်ပစ်မြေစာများကြောင့် ရေစီး ရေလာပိတ်ဆို့မှု၊ နုန်းအနည်ကျမှုနှင့် ရေကြီးရေလျှံမှုမဖြစ်စေရန် စွန့်ပစ်မြေစာများကို မြစ်၊ ချောင်း၊ မြောင်းများမှ အနည်းဆုံးပေ (၃၀၀) အကွာတွင် မြေစာပုံကွင်း ပြုလုပ်၍ စနစ်တကျစွန့်ပစ်ရန်နှင့် ရေစီး ရေလာပိတ်ဆို့မှုမရှိစေရေး ရှင်းလင်းခြင်းများ ဆောင်ရွက်ရန်။

(ဓ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်း ရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက် နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု 3 dBA ထက်မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်နှင့် မည်သည့်ဖောက်ခွဲမှုတွင်မဆို 120 dB Linear ထက် မကျော်လွန်စေရန်၊ မြေတုန်ခါ မှုအတွက် 5mm/s (Peak Particle Velocity-ppv)ထက်မကျော်လွန်စေရန်နှင့်ဖောက်ခွဲခြင်းကိုနေ့အလင်းရောင် ရှိသည့် အချိန်တွင်သာ ပြုလုပ်ရန်၊

ပြည်ထောင်စု ဝန်ကြီးရုံး

(၃) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၇.၂ ပါ Parameter များတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) သတ္တုကဏ္ဍနှင့် အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များ။** ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရိစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးရေးဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၁၃၊ သတ္တုတွင်းနည်းဥပဒေ ၁၄၇ (ဃ)၊ ၁၇၀ (ဂ)၊ ၁၇၄၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၈၀၊ ၁၈၁၊ ၁၈၄ (ခ)တို့နှင့်အညီ လိုက်နာ ဆောင်ရွက်ရန်၊

(၂) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရန်။

(င) **သတ္တုတွင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** သတ္တုတွင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၁၆၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေ ၁၅၂၊ ၁၅၃၊ ၁၅၄ ပါ သတ်မှတ်ချက်များကို အလေးထားလိုက်နာဆောင်ရွက်ရမည်။

(စ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းရေးဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဖောက်ခွဲခြင်းလုပ်ငန်းများ အပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့်ဖြစ်နိုင်သော အနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဆ) **မိုင်းပိတ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။** မိုင်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများကို အစီရင်ခံစာတွင် ဖော်ပြထားသည့် သတ္တုတွင်းပိတ်သိမ်းရာ၌ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းစတင်ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထားရှိ လိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်း အဆိုပြုသူသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၈၆ နည်းဥပဒေခွဲ(ဃ)ပါပြဋ္ဌာန်းချက် နှင့်အညီ ပိတ်သိမ်းရန်စီစဉ်ထားသည့် အချိန်မတိုင်မီ (၁) နှစ်ထက် နောက်မကျစေဘဲ အပြီးသတ်ပိတ်သိမ်းခြင်း အစီအစဉ်ကို တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့်နေရာများတွင် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များပြန်လည်စိုက်ပျိုးရန်နှင့် စိုက်ပျိုးမည့်နေရာ၊ ကေအကျယ်အဝန်း အားစောင့်ကြပ်ကြည့်ရှုမည့်အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရန်နှင့် ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်။

(ဇ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ် များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း ဖြစ်ပေါ်ပါက တင်ပြရန်၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော (သို့မဟုတ်) ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း

(သို့မဟုတ်) ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း ဖြစ်ပေါ်ပါက တင်ပြရန်၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း ဖြစ်ပေါ်ပါက တင်ပြရန်၊

(၄) ပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ပါက တင်ပြရန်၊

**(၅) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-**

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်း အထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှု အတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရသတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(ဖ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤ ECCနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** ယဉ်ကျေးမှုအမွေအနှစ်နှင့်စပ်လျဉ်း၍ စီမံကိန်းပိုင်ရှင်သည် လုပ်ငန်းများဆောင်ရွက်နေစဉ် စီမံကိန်းဧရိယာအတွင်း ယဉ်ကျေးမှုအမွေအနှစ်များဆိုင်ရာ အမှတ်အသားများ/ အထိမ်းအမှတ်များ ရှေးဟောင်းဝတ္ထုပစ္စည်းတွေ့ရှိပါက အနီးဆုံးရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ တစ်ဆင့်ရှေးဟောင်းသုတေသတနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာနသို့ ဆက်သွယ်အကြောင်းကြားရမည်။

(ည) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်–

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစား ရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဋ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အများပြည်သူ သိရှိနိုင်ရေး

အတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ် အစီရင်ခံစာနှင့်လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား စီမံကိန်းနှင့်ဆက်စပ် ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေး ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေငြာရမည်။

(၄) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓါတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ် အရေအတွက်၊ အချိန်ဇယားနှင့်မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည် တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ(၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၂) အစီရင်ခံစာတွင် သတ်မှတ်ဖော်ပြထားသော ကန်ထရိုက်တာနှင့်သက်ဆိုင်သည့် စည်းကမ်းချက်များကိုလည်းကောင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ် တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၃) အစီရင်ခံစာတွင် ဖော်ပြထားသော ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး ဖြစ်စေရေးဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များအတိုင်း အလေးထား လိုက်နာဆောင်ရွက်ရန်၊

(၃) **ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့်လျာထားအသုံးစရိတ်ကိုအစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ထားရှိသုံးစွဲရမည်-

(၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ နည်းဥပဒေ ၂၉၊ ၃၀၊ ၃၁ အရ သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ်သုံးစွဲသည့်လုပ်ငန်းများမှ အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း ရန်ပုံငွေသို့ထည့်ဝင်ရန်၊

(၂) သတ္တုတွင်းပိတ်သိမ်းခြင်းကို မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၈၆ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရန်နှင့် မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၉၂ နှင့်အညီ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများ အတွက် ရန်ပုံငွေ ထူထောင်ထားရန်၊

(၃) ခေတ်သတ္တုခွင့်ပြုမိန့်ရရှိသူအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ အပေါ် အရည်အသွေးထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ နည်းဥပဒေ ၁၈၉၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၃ တို့နှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေ ထူထောင်ထားရှိရန်နှင့် လုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်း ဖွင့်လှစ်ထားသော အထောက်အထား အချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ တစ်ဖက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်း မကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက် ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေး သည့်

ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး ၂ နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီ အစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်း ခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုး သက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သတ္တုတွင်းနည်းဥပဒေ ၁၉၂ (က) အရ နိုင်ငံတော်ပိုင်ဘဏ်တစ်ခုခုတွင် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိရန်၊ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှု သို့မဟုတ် ထိခိုက်ရန်အလားအလာရှိမှုများကို ကုစားပြင်ဆင်ရန် ချက်ချင်းဆောင်ရွက်သည့် လုပ်ငန်းများတွင် ထိုငွေရေးကြေးရေးအာမခံချက်ကိုအသုံးပြုရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှု မရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

ပြည်ထောင်စု ဝန်ကြီးရုံး